**Opening Speech of H.E. U Thein Sein,**
**President of the Republic of the Union of Myanmar**
**on commemorating the 60th Anniversary of the**
**Announcement of the Five Principles of Peaceful Co-existence**
**by China, India and Myanmar**

(28th June 2014, Beijing)

His Excellency Mr. Xi Jinping,
President of the People's Republic of China,
His Excellency Mr. Hamid Ansari,
Vice President of the Republic of India,
Excellencies, ladies and gentlemen,

First of all, allow me to express my sincere thanks to the Government and the people of the People's Republic of China for the warm hospitality and for the excellent arrangements accorded to us since our arrival to this beautiful country.

I have great pleasure and honour to be here with all of you on this auspicious occasion of the Commemorating of the 60th Anniversary of the Announcement of the Five Principles of Peaceful Co-existence by China, India and Myanmar.

Sixty years ago, after end of the Second World War and at the onset of the Cold War, many countries in Asia, Africa and Latin America were struggling with movements for liberation and national independence. At that time, the most common and strong desire of newly independent nations was the establishment of a new pattern of international relations based on equality and mutual respect of their national sovereignty and development of their economies.

In response to this strong and common aspiration of newly independent nations, it was very timely that our leaders with extraordinarily strategic vision courageously made the historic decision to introduce the Five Principles of Peaceful Co-existence, which now serve as basic norms and guiding principles in international relations.

In June 1954, the late Chinese Premiere Zhou Enlai paid a goodwill visit to India and Myanmar. During his visit to India, a joint declaration between China and India was issued on 28 June 1954 in New Delhi, and likewise a joint declaration between China and Myanmar was issued on 29 June 1954 in Yangon, and the Five Principles of Peaceful Co-existence were officially announced as the basic norms of equality and mutual respect guiding the relations among sovereign states.

Since then, the Five Principles of Peaceful Co-existence have been recognised and accepted by more and more nations, international organisations and international conferences, and have been incorporated into a series of major international documents, including declarations adopted by the United Nations General Assembly.

I am proud to say that Myanmar's independent, active and non-aligned Foreign Policy is also based on the Five Principles of Peaceful Co-existence. May I take this opportunity to congratulate our closest two neighbours China and India which are now enjoying the status of the world's economic power houses and being great powers of the region because of their adherence to this Five Principles of Peaceful Co-existence in international relations.

We in Myanmar as a co-founder are pleased to see that the "Five Principles of Peaceful Co-existence" which have not only overcome the test of time, but have matured with time and become a norm in principles of inter-state relations.

Myanmar is confident that the "Five Principles of Peaceful Co-existence" will play even a greater role in inter-state relations in the future. This year 2014 marks the "60th Anniversary of the Proclamation of the Five Principles of Peaceful Co-existence".

Taking a look back into our three countries' relations, traditionally Myanmar, China and India are good neighbouring countries which share a common border of thousand miles and the three peoples enjoy long-lasting friendship for centuries. Not only the peoples share similarities in philosophy, culture and tradition, the peoples also practice this Five Principles which have contributed to establishing understanding, friendly relations, peace and stability.

The all-round development of the friendly relations, and cooperation between Myanmar, China and India have been consolidated and further enhanced over the years. We might recall the peaceful settlement of the boundary question to the satisfaction of our countries. This attributed to the shining example of peace, friendship and cooperation between Myanmar, China and India.

Both our closest neighbours China and India have played a significant role in Myanmar's economic development, and it is our firm belief that these two neighbours will continue to be our strategic partners in the years ahead.

Taking this opportunity, I would like to brief our Foreign Policy which is based on Five Principles of Peaceful Co-existence. Myanmar has consistently practiced an independent, active and non-aligned foreign policy. We seek to promote friendly relations with all countries, particularly with our neighbours in the region.

Hence, we will cherish our good and friendly relations with all countries and place a special emphasis on good neighbourly relations. We will continue actively participating in the regional efforts to bring about peace, progress and prosperity in our region through closer association and cooperation at bilateral and regional levels.

Myanmar's membership in ASEAN represents a sense of shared responsibility. Myanmar's Chairmanship in ASEAN this year brings a sense of security, solidarity and cohesiveness among the ASEAN members as well as with its dialogue partners including China and India.

A review of what we have achieved in practicing these Five Principles in our foreign relations gives us more confidence on these Five Principles. Based on these achievements let us work hand in hand to suggest the rest of the world to more recognise this Principles as the basic norms guiding the relations amongst the states.

I would like to conclude by pledging ourselves once again to maintain and further enhance the Five Principles of Peaceful Co-existence as the basic norms guiding towards a more peaceful, stable and developed world.

Thank you.

******

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့မှ ချမှတ်ခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ကျင့်သုံးသည့် နှစ် (၆၀)ပြည့်နှစ် အခမ်းအနားတွင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

(၂၈-၆-၂၀၁၄၊ ပေကျင်းမြို့)

အဆွေတော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊
အဆွေတော် အိန္ဒိယနိုင်ငံ ဒုတိယ သမ္မတ မစ္စတာ ဟာမစ် အန်ဆာရီ နှင့် တက်ရောက်လာကြသော
ဧည့်သည်တော်များခင်ဗျား၊

ကျွန်တော့်အနေဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အစိုးရနှင့် ပြည်သူများရဲ့ နွေးထွေး လှိုက်လှဲစွာ ကြိုဆိုခဲ့မှုနှင့် သာယာလှပတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးသို့ ရောက်သည့် အချိန်မှ စ၍ လိုလေသေး မရှိသော ဧည့်ဝတ်ကျေပွန်မှုများအတွက် များစွာမှပင် ကျေးဇူးတင် ရှိပါကြောင်း ပထမဦးစွာ ပြောကြား လိုပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဦးဆောင် ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ် နှစ် (၆၀) ပြည့် အခမ်းအနား ကို အဆွေတော်တို့နဲ့အတူ တက်ရောက်ကာ ကျင်းပခွင့်ရတဲ့ အတွက်လည်း ကျွန်တော့် အနေဖြင့် အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

လွန်ခဲ့သော နှစ်(၆၀)ကျော် ဒုတိယ ကမ္ဘာစစ်ပြီးနောက် စစ်အေးတိုက်ပွဲ စတင်တဲ့ ကာလက အာရှ၊ အာဖရိကနှင့် လက်တင် အမေရိကနိုင်ငံတွေဟာ လွတ်မြောက်ရေး လှုပ်ရှား မှုတွေနဲ့ လွတ်လပ်ရေးရရှိဖို့အတွက် ရုန်းကန်ခဲ့ကြပါတယ်။ ထိုအချိန် ကာလက လွတ်လပ်ရေး ရခါ စ နိုင်ငံတွေရဲ့ အတူညီဆုံးနဲ့ ပြင်းပြလှတဲ့ ဆန္ဒကတော့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ရရှိပြီး အမျိုးသား အချုပ်အခြာ အာဏာကို သာတူညီမျှမှုနဲ့ အပြန်အလှန် လေးစားမှုရှိတဲ့ နိုင်ငံတကာ ဆက်ဆံရေး ပုံစံအသစ် တည်ဆောက် လိုကြ ခြင်းပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးစ နိုင်ငံတွေရဲ့ ဒီလို ပြင်းပြပြီး တူညီတဲ့ မျှော်မှန်းချက်တွေကို တုံ့ပြန် တဲ့ အနေနဲ့ အချိန်ကိုက် ဆိုသလိုပဲ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးတွေဟာ ထူးကဲတဲ့ မဟာဗျူဟာမြောက် အမြင်များဖြင့် ယခု နိုင်ငံတကာ ဆက်ဆံရေးမှာ အခြေခံ စံနှုန်းနဲ့ လမ်းညွှန်ချက် စည်းမျဉ်းစည်းကမ်း အဖြစ် လက်ခံထားတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ရေးမူကြီး(၅)ရပ်ကို စတင် အဆိုပြုတဲ့ သမိုင်းဝင်တဲ့ ဆုံးဖြတ်ချက်ကို ရဲဝံ့စွာချမှတ်ခဲ့ပါတယ်။

၁၉၅၄ ခုနှစ်၊ ဇွန်လမှာ တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်းဟာ အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့ကို ချစ်ကြည်ရေး ခရီးလာရောက် ခဲ့ပါတယ်။ တရုတ်ဝန်ကြီးချုပ်ရဲ့ အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း ၁၉၅၄ ခုနှစ်၊

ဇွန်လ ၂၈ ရက်နေ့ မှာ တရုတ်-အိန္ဒိယ ပူးတွဲ ထုတ်ပြန် ကြေညာချက် တစ်ရပ်ကို နယူးဒေလီ မြို့ မှာ ထုတ်ပြန်ခဲ့ပြီး၊ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှာ တရုတ်-မြန်မာ ပူးတွဲ ထုတ်ပြန် ကြေညာချက်တစ်ရပ်ကို ရန်ကုန်မြို့မှာ အသီးသီး ထုတ်ပြန်ကြေညာခဲ့ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅)ရပ်ကို အချုပ်အခြာ အာဏာပိုင် နိုင်ငံတွေအကြား ဆက်ဆံရာမှာ သာတူညီမျှမှုနဲ့ အပြန်အလှန် လေးစားမှုအတွက် လမ်းညွှန်ပေးသော စံနှုန်းများ အဖြစ် တရားဝင် ကြေညာခဲ့ပါတယ်။

အဲဒီအချိန်ကစလို့ ဒီငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို များပြား လှတဲ့ နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အပြည်ပြည်ဆိုင်ရာ ညီလာခံများက အသိအမှတ်ပြု လက်ခံလာခဲ့ကြပြီး၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ချမှတ်ခဲ့တဲ့ ကြေညာချက် အပါအဝင်အဓိက နိုင်ငံတကာ ကြေညာချက် တွေမှာလည်း ပါဝင် လာခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒ ဟာလည်း ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅)ရပ်ပေါ်မှာ အခြေခံထားတယ် ဆိုတာကို ကျွန်တော့် အနေနဲ့ ဂုဏ်ယူစွာ ပြောကြားလို ပါတယ်။ အလားတူပင် အခွင့်အခါ ကြုံခိုက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို နိုင်ငံတကာ ဆက်ဆံရေးမှာ အခြေခံ အဖြစ် ထားကာ ကျင့်သုံးခဲ့ကြလို့ ယခုအခါမှာ ကမ္ဘာ့ စီးပွားရေး အင်အားကြီးနိုင်ငံနဲ့ ဒေသတွင်း အင်အားကြီး နိုင်ငံတွေ ဖြစ်လာခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ အရင်းနှီးဆုံး အိမ်နီးချင်း မိတ်ဆွေများ ဖြစ်ကြတဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယ နိုင်ငံတို့ကိုလည်း ချီးကျူး ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့လည်း ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ရပ်ဟာ အချိန်ကာလရဲ့ စမ်းသပ်မှုတွေကို ရင်ဆိုင် ကျော်လွှားနိုင်ရုံသာမက အချိန်နှင့်အတူ ရင့်ကျက်လာပြီး ပြည်ထောင်အချင်းချင်း ဆက်ဆံရေးဆိုင်ရာ မူများရဲ့ အခြေခံ စံတစ်ခု ဖြစ်လာခဲ့တာကို တွေ့မြင်ရတဲ့အတွက် ဒီမူကြီး (၅)ရပ်ကို ကနဦးချမှတ်ခဲ့တဲ့ နိုင်ငံ တစ်နိုင်ငံ အနေနဲ့ များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ရပ်ဟာ အနာဂါတ် ပြည်ထောင် အချင်းချင်း ဆက်ဆံရေးမှာ ပိုမို ကြီးမားတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာလိမ့်မယ်လို့လည်း မြန်မာနိုင်ငံအနေနဲ့ ယုံကြည်ပါတယ်။ နိုင်ငံများအကြား လမ်းညွှန်မူဝါဒ အဖြစ်လည်း ဆက်လက် တည်ရှိနေမယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅)ရပ် စတင်ကျင့်သုံးတဲ့ နှစ်(၆၀)ပြည့်နှစ်ဖြစ်တဲ့ ယခု ၂၀၁၄ ခုနှစ်ကို အောင်မြင်စွာ ပူးတွဲ ကျင်းပနိုင်တဲ့ အတွက်လည်း များစွာ ဂုဏ်ယူမိ ပါတယ်။

ကျွန်တော်တို့ အိမ်နီးချင်း သုံးနိုင်ငံရဲ့ ဆက်ဆံရေးကို ပြန်လည် ကြည့်မယ် ဆိုပါက မိုင်ပေါင်းများစွာ နယ်နိမိတ်ချင်း နီးစပ်နေကြတဲ့ မြန်မာ-တရုတ်-အိန္ဒိယ နိုင်ငံတို့ဟာ အစဉ်အလာရှိတဲ့ အိမ်နီးချင်းကောင်းတွေ ဖြစ်ကြပြီး၊ ရာစု နှစ်ပေါင်း များစွာ ကြာရှည် တည်တံ့တဲ့ ချစ်ကြည် ရင်းနှီးမှုတွေလည်း ရှိခဲ့ကြပါတယ်။ ဒီလို တည်ရှိ နေထိုင်နိုင်တာဟာ ဒီမူကြီး(၅)ရပ်နဲ့အညီ နေထိုင်ဆက်ဆံနိုင်ခဲ့ကြတာ ဖြစ်သလို ပြည်သူပြည်သားတွေ အနေနဲ့လည်း အတွေးအခေါ်၊ ယဉ်ကျေးမှုနဲ့ ရိုးရာအစဉ်အလာတွေမှာ တူညီမှုတွေ ရှိနေခြင်း တို့ကလည်း

နားလည်မှု၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံမှု၊ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုတို့ကို တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေ ပါတယ်။

ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို အခြေခံကာ လက်ခံခဲ့ကြ လို့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ် ပြည်သူ့သမ္မတ နိုင်ငံတို့အကြား ချစ်ကြည်သော ဆက်ဆံရေးနဲ့ ပူးပေါင်း ဆောင်ရွက်မှုတို့ရဲ့ ဘက်စုံ ဖွံ့ဖြိုး တိုးတက်မှုဟာ နှစ်ပေါင်းများစွာအတွင်း ပိုမို ခိုင်မြဲလာခဲ့ပါတယ်။ မိမိတို့နိုင်ငံများ အကြား နယ်နိမိတ် ပြဿနာကို ငြိမ်းချမ်းစွာဖြင့် အပြန် အလှန် စိတ်ကျေနပ်မှုရရှိအောင် ဖြေရှင်းနိုင်မှုကို ပြန်လည် အမှတ်ရမိစေပါတယ်။ ဒါဟာ မြန်မာ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ အကြား ငြိမ်းချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေ မှာ ထင်ရှားတဲ့ သာဓကပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်း မိတ်ဆွေ နိုင်ငံများ ဖြစ်ကြတဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံ တို့ဟာ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက် ရေးမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပြီး ဒီနှစ်နိုင်ငံစလုံးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတွေအဖြစ် ဆက်လက် တည်ရှိသွားလိမ့်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

အခွင့်ကြုံကြိုက်ခိုက် ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲ နေထိုင်ရေးမူကြီးများကို အခြေခံ ထားတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြား ဆက်ဆံရေးကို ပြောရလျှင် မြန်မာနိုင်ငံဟာလွတ်လပ်၍ တက်ကြွ ပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေး မူဝါဒကို စဉ်ဆက်မပြတ် ကျင့်သုံးခဲ့ပါတယ်။ ဒေသအတွင်းရှိ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် နိုင်ငံအားလုံးနှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံရေးကို မြှင့်တင်ဖို့ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံအားလုံးနှင့် ကောင်းမွန်၍ ချစ်ကြည် ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းသွားမှာ ဖြစ်သလို ကောင်းမွန် တဲ့ အိမ်နီးချင်းကောင်း ဆက်ဆံရေးကို အလေးထားသွားမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံနဲ့ ဒေသတွင်းအဆင့်မှာ ပိုမိုနီးကပ်တဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေမှ တဆင့် ကျွန်တော်တို့ရဲ့ ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ်ဖြစ်ထွန်းရေးတို့ကို ဆောင်ယူ နိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ဆက်လက်ပြီးတက်ကြွ စွာ ပါဝင်ဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးအတွင်းမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဟာ တာဝန် မျှဝေခြင်းကို ကိုယ်စားပြုပါတယ်။ ဒီနှစ်မှာ မြန်မာနိုင်ငံဟာ အာဆီယံ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများနဲ့ တရုတ်နဲ့အိန္ဒိယနိုင်ငံတို့ အပါအဝင် ဆွေးနွေးဖက် နိုင်ငံများအကြား လုံခြုံမှု၊ စုစည်းခိုင်မာမှုနဲ့ စည်းလုံးမှုတွေကို ဆောင်ကြဉ်း ပေးမှာ ဖြစ်တယ် လို့ ကျွန်တော်တို့ အနေနဲ့ ခိုင်ခိုင်မာမာ ယုံကြည် ထားပါတယ်။

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ရပ်ကို တစ်စိုက် မတ်မတ် ကျင့်သုံးခြင်းကြောင့် ရရှိခဲ့တဲ့အောင်မြင်မှုတွေကို ပြန်သုံးသပ် ကြည့်ခြင်းဖြင့် မူကြီး(၅)ရပ်အပေါ် ကျွန်တော်တို့ရဲ့ ယုံကြည်မှုတွေကို ပိုမိုဖြစ်စေပါတယ်။ ဒီအောင်မြင်မှုတွေကို အခြေခံကာ တရုတ်-အိန္ဒိယ-မြန်မာ

ဆက်ဆံရေး အတွက် သာမက ကမ္ဘာ့နိုင်ငံအားလုံး ဆက်ဆံရေး အတွက်ပါ ပိုမိုတောက်ပတဲ့ အကျိုးစီးပွားကို ဖွင့်လှစ်ပေး နိုင်ဖို့အတွက် ကျွန်တော်တို့ အားလုံး ဒီမူကြီးတွေကို နိုင်ငံတကာ ဆက်ဆံရေးရဲ့ အခြေခံ စံနှုန်းများအဖြစ် ကျင့်သုံးသွားဖို့ ကမ္ဘာ့ နိုင်ငံသားများကို တိုက်တွန်းလိုပါတယ်။

သို့ပါ၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်အား ကမ္ဘာလုံးဆိုင်ရာ စံတစ်ခု အနေနဲ့ ကျင့်သုံးနေခြင်းကို ဆက်လက် ထိန်းသိမ်းမြှင့်တင် ကြပါစို့လို့ ကတိပြု၊ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ် ပါတယ် ခင်ဗျား။

******